# လက်နက်ကိုင်ပဋိပက္ခအတွင်း ပညာရေး အား အကာအကွယ်ပေးခြင်း






တက္ကသိုလ်
UNIVERSITY
အထက်တန်းကျောင်း
HIGH SCHOOL



ကျောင်းများ နှင့် တက္ကသိုလ်များအား မတိုက်ခိုက်ရ။
ကျောင်းများ နှင့် တက္ကသိုလ်များသည် အရပ်သားပိုင်
အဆောက်အအုံများဖြစ်သောကြောင့် တိုက်ခိုက်ခြင်းမှ
ကာကွယ်ပေးရမည်။


တက္ကသိုလ်
UNIVERSITY



စာသင်ကျောင်းနှင့် တက္ကသိုလ်များကို စွန့်ပစ်ထားသည့် သော်လည်းကောင်း၊ လူသူမရှိသည့် သော်လည်းကောင်း မည်သည့်အခြေအနေတွင် ဖြစ်ပါစေ စစ်ရေးအတွက် အသုံးမပြုရ။

ယင်းသို့အသုံးပြုပါက ထိုနေရာများသည် အကာအကွယ် ခံရခြင်း အခွင့်ဆုံးရှုံးနိုင်ပါသည်။


အလက(၁)



ကျောင်းများ နှင့် တက္ကသိုလ်များတွင် စစ်သားများ အခြေချခြင်း သို့မဟုတ် ကျောင်းများ နှင့် တက္ကသိုလ် များအနီးအနားတွင် စစ်လက်နက်ကိရိယာများထားရှိ ခြင်း မပြုရ။

ယင်းသည် ပညာရေးသင်ကြားရေးနှင့် ကလေးသူငယ် များအပေါ် အန္တရာယ်ကျရောက်စေနိုင်ပါသည်။


တက္ကသိုလ်
UNIVERSITY



ရန်သူ့စစ်တပ်မှ ကျောင်းများနှင့် တက္ကသိုလ်များအား စစ်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့် အသုံးပြုနေလျှင် သင့်အနေဖြင့် အခြားသော တိုက်ခိုက်နိုင်မည့် နည်းလမ်းများအား စဉ်းစားပါ။





အသက် ၁၈ နှစ်အောက် ကလေးသူငယ်များအား စစ်သားအဖြစ် စုဆောင်းခြင်းမပြုရ။

စာသင်ကျောင်း သို့မဟုတ် တက္ကသိုလ်များတွင် သို့မဟုတ် ယင်းနေရာများသို့ သွားရောက်နေစဉ် ကလေးသူငယ်များကို စစ်သားအဖြစ် ခေါ်ဆောင်ခြင်းသည် ပညာရေးကဏ္ဍကို တိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးစည်းမျဉ်းများကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်း ဖြစ်သည်။





ကျောင်းသားများ၊ ဆရာ/မများနှင့် ပညာရေးဝန်ထမ်းများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အဓမ္မခေါ်ဆောင်ခြင်း၊ အနှောက်အယှက်ပေးခြင်း၊ နှင့် အခြားသော အကြမ်းဖက်မှုများ မပြုလုပ်ရ။





လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေစဉ်အတွင်း ကလေးသူငယ်များအားလုံး ပညာသင်ကြားခွင့် ရရှိစေရန် ပြုလုပ်ပေးရမည်။ ယင်းအပြင် ပညာရေးကဏ္ဍကို တိုက်ခိုက်ခံလာရသည်ရှိသော် တုံ့ပြန်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အစီအစဉ်များအား တိုးမြှင့်လုပ်ဆောင်ပေးရမည်။

ဤ စည်းမျဉ်းစည်းကမ်းများအား လက်တွေ့ကျင့်သုံးလိုက်နာပါ။ တစ်ဖက် ရန်သူစစ်သားများမှ မလေးစားမလိုက်နာသည့်တိုင်အောင် သင်က လေးစားလိုက်နာပါ။

